# ရှမ်းပြည်နယ်လွှတ်တော်

## လွှတ်တော်သတင်းလွှာ

*Shan State Hluttaw Bulletin*

၁၃၇၉ခုနှစ် ၊ နယုန်လဆန်း(၁၂) ရက် ၊ ၆. ၆. ၂၀၁၇၊ အတွဲ(၁)၊ အမှတ်(၇)






ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန် အစည်းအဝေးကို(၂၀. ၃. ၂၀၁၇)ရက်နေ့မှ (၂၃. ၃. ၂၀၁၇) ရက်နေ့အထိစုစုပေါင်း(၄)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံးဆိုင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရ အဖွဲ့ဝင်များ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်နှင့်ကိုယ်စားလှယ် (၁၁၃) ဦး တက်ရောက်ခဲ့ပါသည်။




ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ မှ ဒုတိယအကြိမ်ရှမ်းပြည်နယ် လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေးတက်ရောက်ခြင်း

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂)ဦးမှ ကတိသစ္စာပြုခြင်း ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက် စကား ပြောကြားခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ ပြည်နယ်လွှတ်တော်သို့ မိန့်ခွန်းပြော ကြားခြင်းနှင့် မိန့်ခွန်းအားမှတ်တမ်းတင်ခြင်း၊ ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီ ၉ ခုအားသက်တမ်း တိုးမြှင့်ခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊ ၂၀၁၇ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ မှတင်သွင်းထားသော ဥပဒေမူကြမ်း(၂)ခုအား လွှတ်တော်သို့ တင်သွင်းခြင်းနှင့် အတည်ပြုခြင်း၊ ရှမ်းပြည်နယ်ယစ်မျိုးခွန် ကောက်ခံရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း လွှတ်တော်သို့ အစီရင်ခံစာဖတ်ကြား ရှင်းလင်းခြင်း ၊ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်မှ ဆွေးနွေး ရှင်းလင်းခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊ ရှမ်းပြည်နယ်တရားလွှတ်တော်၏၂၀၁၆ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သောတရား စီရင်ရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကိုပြည်နယ်လွှတ်တော်သို့တင်ပြခြင်း အဆို( ၂ )ခုတင်သွင်းခြင်း၊ပြည်နယ်အစိုးရအဖွဲ့ မှ ပြန်လည်ရှင်းလင်းဖြေကြားခြင်း ၊ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်း၊ မေးခွန်းမေးမြန်းခြင်းများအပေါ် ပြန်လည်ဖြေကြား ရှင်းလင်းခြင်း များဆောင်ရွက်ခဲ့ ပါသည်။



ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန် အစည်းအဝေးသို့ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ တက်ရောက်နေမှုအခြေအနေ

# ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်မှ နှုတ်ခွန်းဆက်စကားပြောကြားခြင်း




ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန် အစည်းအဝေး သို့ တက်ရောက်လာကြတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခတို့နဲ့ ပြည့်စုံကြပြီး၊ နိုင်ငံတော်ရဲ့ အကျိုး အမျိုးဘာသာ သာသနာအကျိုးနဲ့ ပြည်သူ့အကျိုးကို ဆထက် ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ကြပါစေလို့ ဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ဥပဒေပြုရေးတာဝန်နဲ့အတူ မိမိတို့ အပေါ်ကျရောက် လာတဲ့ လွှတ်တော်အတွင်းနဲ့ လွှတ်တော် ပြင်ပ တာဝန်များကို တတ်နိုင်သမျှပိုင်းခြား ဆောင်ရွက်ခြင်း၊ မတိမ်းမစောင်းရလေအောင် အပြန်အလှန် ထိန်းကျောင်းခြင်း တို့ဖြင့် လွှတ်တော်ပိုင်း ရှင်သန်ခိုင်မာလာအောင် ဆောင်ရွက်နိုင်ကြမယ်လို့လည်း မျှော်လင့်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ဧပြီလ ၅ ရက်နေ့အထိ ကျင်းပရာမှာ ယခုအခါဆိုလျှင် နှစ်ပတ်လည်ကာလ သို့ ရောက်ရှိလာပြီဖြစ်ပါတယ်။ တစ်နှစ်တာကာလအတွင်း ပုံမှန် အစည်းအဝေး ၄ ကြိမ်နှင့် အရေးပေါ်အစည်းအဝေး ၁ ကြိမ်၊ စုစုပေါင်း ၅ ကြိမ်ကျင်းပနိုင်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ် ၄၇ဦး တို့က ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း ၂၀၃ ခုကိုလည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ် ၂၈ ဦးတို့က ကြယ်ပွင့်မပြမေးခွန်း စုစုပေါင်း ၁၄၇ ခု ကိုလည်းကောင်း မေးမြန်းခဲ့တာကို တွေ့ရှိရပါတယ်။ ထို့အတူ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ပေါင်း ၁၆ ဦး တို့က အဆိုစုစုပေါင်း ၂၁ ခုတင်သွင်းရာမှာ အတည်ပြုသော အဆိုမှာ ၁၁ ခု၊ မှတ်တမ်း တင်သော အဆိုမှာ ၈ ခုနဲ့ မေးခွန်းအဖြစ် ပြောင်းလဲတဲ့ အဆိုမှာ ၂ ခု ဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ယခုကျင်းပတဲ့ ပဉ္စမပုံမှန် အစည်းအဝေးမှာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၂၁ ဦးထံမှ ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း ၄၆ခု ပေးပို့ထားတာရရှိပါတယ်။ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပါ ကန့်သတ်ချက်နှင့် စည်းကမ်းချက်များနဲ့အညီ လိုရင်းတိုရှင်းနဲ့ထိထိမိမိဖြစ်အောင်မေးမြန်း နိုင်ဖို့လိုသလို ပြည်သူများအတွက် အမှန်တကယ်လိုအပ်တဲ့၊လက်တွေ့ကျတဲ့ မေးခွန်း ဖြစ်ဖို့လိုအပ်ပါတယ်။ ဒါအပြင် အဆိုနှင့်မေးခွန်းအတွက် အချက်အလက်များကိုဖော်ပြရာမှာလည်းဘဲရှိသင့်၊ ရှိထိုက်သော အဆင့်အတန်း၊ ဆီလျော်သောစကားလုံးများကိုရွေးချယ်အသုံးပြုဖို့ လိုအပ်ကြောင်း အကြံပြုပြောကြားလိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ကျွန်တော်တို့ ဖွဲ့စည်းတာဝန်ပေးအပ်ထားတဲ့ လွှတ်တော်ရေးရာကော်မတီများဟာ လိုအပ်ချက်အရ ကွင်းဆင်းဆောင်ရွက်ကြပြီး ကွင်းဆင်းတွေ့ရှိချက် အကြံပြုချက်များကို ပြန်လည်တင်ပြကြပါတယ်။ အစီရင်ခံစာပါ အကြံပြုချက်နှင့် သုံးသပ်ချက်များကို စီမံခန့်ခွဲရေးတာဝန်ယူထားသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံသို့ ပေးပို့လျက်ရှိပါတယ်။ အစိုးရအဖွဲ့အနေနဲ့ ဆောင်ရွက်ပေးနိုင်တဲ့၊ ဆောင်ရွက်ပေးသင့်တဲ့ အချက်များကို ဆောင်ရွက်ပေးဖို့ ပြောကြားလိုပါတယ်။ ပဉ္စမ ပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၇ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၁၇ -၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေကြမ်းတို့ကို လွှတ်တော်ကို တင်သွင်းမှာဖြစ်ပါတယ်။တင်သွင်းတဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် များရဲ့ ဆွေးနွေးချက်များကို သက်ဆိုင်ရာ ဝန်ကြီး အသီးသီးက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ပေးဖို့လိုပါတယ်။ ဒီလိုရှင်းလင်းတဲ့ နေရာမှာ မိမိတို့ တာဝန်ယူထားတဲ့ ဌာန အဖွဲ့အစည်းနှင့်စပ်လျဉ်းတဲ့ ဆောင်ရွက်ချက်များကိုလည်းဘဲ တစ်ပါတည်း သီးခြားဖော်ပြပေးပါရန် အကြံပြုလိုပါတယ်။

ဥပဒေပြုရေးကဏ္ဍနှင့်စပ်လျဉ်းပြီး တစ်နှစ်ကာလအတွင်း အများပြည်သူအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြဋ္ဌာန်းနိုင်ခဲ့တဲ့ ဥပဒေအနေနဲ့ဆိုလျှင် ရှမ်းပြည်နယ် ဆားနှင့် ဆား ထွက်ပစ္စည်း ဥပဒေနဲ့ ရှမ်းပြည်နယ် အိမ်တွင်းစက်မှု လက်မှုဥပဒေ ၂ ခုဘဲဖြစ် ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ၁ ဦးတင်သွင်းခဲ့တဲ့ ကြက်မွေးမြူရေးဆိုင်ရာ ဇီဝလုံခြုံရေး ဥပဒေကြမ်းကို အမိန့် ကြော်ငြာစာအဖြစ် ပြောင်းလဲ ထုတ်ပြန်ခဲ့သလို စတုတ္ထ ပုံမှန် အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ ရှမ်းပြည်နယ် ယစ်မျိုးခွန် ကောက်ခံရေးဥပဒေကြမ်းကိုလည်းဘဲ ယခုအစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာကော်မတီက အစီရင်ခံစာကိုတင်ပြသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမန်းဝင်းခိုင်သန်းဟာ ရှမ်းပြည်နယ် လွှတ်တော်ရုံး သို့ ၃၁-၁၀-၂၀၁၆ ရက်နေ့တွင်ရောက်ရှိလာရာ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမနဲ့ ဧည့်ခန်းမတို့မှာ တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်တို့မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနဲ့ တွေ့ဆုံခဲ့သလို ၁၁-၃-၂၀၁၇ ရက်နေ့မှာ လည်းဘဲ ရှမ်းပြည်နယ် လွှတ်တော်ရုံး တည်ဆောက်ရေးလုပ်ငန်းနဲ့ ရှမ်းပြည်နယ်ဝန်ထမ်း အိမ်ရာအဆောက်အဦ တည်ဆောက်ရေး နေရာကိုရောက်ရှိပြီး ကြည့်ရှုမှာကြားခဲ့တာတွေ့ရှိပါတယ်။ နာယကကြီး၏ ရှမ်းပြည်နယ် လွှတ်တော်သို့ ရောက်ရှိခြင်းကို မှတ်တမ်းတင်ပါကြောင်း ဖော်ပြလို ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်ရုံးဝန်ထမ်းများကို သီးခြား လွှတ်တော်ရုံးဝန်ထမ်းအဖြစ် ဖွဲ့စည်းရေးကို ပြည်ထောင်စု လွှတ်တော်နဲ့ ပြည်ထောင်စု အစိုးရအဖွဲ့က သဘောတူပြီးဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်လွှတ်တော်ရုံး မှာ ဆက်လက် တာဝန်ထမ်းဆောင်ရန် ဆန္ဒပြုသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းစာရင်း၊ ဆန္ဒမပြုသည့်စာရင်းများကိုလောလောဆယ်မှာ ပြုစုပြီး ဌာနဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ လွှဲပြောင်းခန့်ထားပေးရေးကိုစီစဉ်လျက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေး ပြောကြားလိုပါတယ်။

နိဂုံးချုပ်အားဖြင့် နိုင်ငံသားများရဲ့ အဓိက လိုအပ်ချက်ဟာ နိုင်ငံတော်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ နိုင်ငံသားများ၏ လူမှုဘဝဖူလုံပြည့်စုံစေရေးတို့ဖြစ်ပါတယ်။ ဒီရည်မှန်းချက်များကို အကောင်အထည်ဖော်ရာမှာ နိုင်ငံတော်အချုပ်အခြာရဲ့ ခက်မ(၃)ဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာကို တာဝန်ခံရတဲ့ လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်အသုံးပြုနေရတဲ့ အုပ်ချုပ်ရေး အဖွဲ့အစည်းနဲ့ တရားစီရင်ရေးအာဏာကိုတာဝန်ခံရတဲ့ တရားရုံးများ ဖြစ်ပါတယ်။ ဒါကြောင့်ဒီမဏ္ဍိုင် (၃) ရပ်ဟာ ပြည်သူ့အကျိုးအတွက် ညီညွတ် မျှတစွာ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။





# ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ မိန့်ခွန်းပြောကြားခြင်း

ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေးကျင်းပရာ (ပထမနေ့) (၂၀-၃-၂၀၁၇)နေ့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ မိန့်ခွန်းပြောကြားရာတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ် (၁) နှစ်တာကာလတွင်း ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့သည့် အချက်များကိုရှင်းလင်းပြောကြားခဲ့ပါသည်-

(၁) ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု
(၂) အသုံးစရိတ်
(၃) လယ်ယာကဏ္ဍ
(၄) ကုန်းမြင့်ဒေသ လယ်ယာမြေ ဖော်ထုတ်ရေး စီမံကိန်းများ
(၅) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
(၆) အင်းလေးကန်မတိမ်ကောစေရေး
(၇) လမ်း၊ တံတားရေပေးရေး လုပ်ငန်းများ
(၈) ကျေးလက်ရေပေးရေးလုပ်ငန်းများ
(၉) မြစိမ်းရောင် ကျေးရွာစီမံကိန်း
(၁၀ ) နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ
(၁၁) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု
(၁၂) လမ်းပန်းဆက်သွယ်ရေးကဏ္ဍ
(၁၃) ကုန်သွယ်ရေးကဏ္ဍ
(၁၄) နိုင်ငံဝန်ထမ်းအိမ်ယာ
(၁၅) ပြည်သူ့အငှားအိမ်ယာ
(၁၆) ပညာရေးကဏ္ဍ
(၁၇) စာတတ်မြောက်ရေးလှုပ်ရှားမှု
(၁၈) ကျန်းမာရေးကဏ္ဍ
(၁၉) အားကစားကဏ္ဍ
(၂၀) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် အသိပညာပေးဟောပြောပွဲများ
(၂၁) ဆေးလိပ်ကင်းစင်ရေးစီမံချက်
(၂၂) လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး
(၂၃) ပြည်တွင်းငြိမ်းချမ်းရေး
(၂၄) စစ်ဘေး ရှောင်ကယ်ဆယ်ရေး စခန်းများ
(၂၅) ပြည်သူဗဟိုပြုအုပ်ချုပ်ရေးစနစ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပဥ္စမပုံမှန် ပုံမှန် အစည်းအဝေး (ပထမနေ့)(၂၀.၃.၂၀၁၇)

### တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ကတိသစ္စာပြုခြင်းဆောင်ရွက်

ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးမင်းမင်းလွင် နှင့် ဗိုလ်ကြီးအောင်သက်ဦး တို့မှ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။



တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ကတိသစ္စာပြုနေစဉ်

### ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ မှ ၂၀၁၇ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်း အားတင်သွင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဥ္စမပုံမှန် အစည်းအဝေး(ပထမနေ့)(၂၀. ၃. ၂၀၁၇)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ မှ၂၀၁၇ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား (တတိယနေ့)(၂၂. ၃. ၂၀၁၇)ရက်နေ့ တွင် မဘိမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးမင်းမင်းသိန်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) မှ ဦးအောင်ထွဏ်း၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးခင်မောင်တင့်၊ ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းထိုက် ၊ မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးအားကို နှင့် မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းမွန်းလိန် တို့၏ဆွေးနွေးမှုအပေါ် သက်ဆိုင်ရာဝန်ကြီးများမှ မိမိတို့ကဏ္ဍ အလိုက် အသီးသီး ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော် ဥက္ကဋ္ဌ မှ ပြည်နယ် လွှတ်တော်၏ ဆန္ဒသဘောထား ရယူကာ အတည်ပြုခဲ့ပါသည်။

### ရှမ်းပြည်နယ်အစိုးရအဖွဲ့စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွှန့်လွင်မှ ရှမ်းပြည်နယ် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် စီမံကိန်းဥပဒေ(မူကြမ်း)အားတင်သွင်း



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဥ္စမပုံမှန် အစည်းအဝေး(ပထမနေ့)(၂၀. ၃. ၂၀၁၇)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွှန့်လွင်မှ ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း)အား တင်သွင်းရာ ဆွေးနွေးလိုသော ကိုယ်စားလှယ်မရှိသဖြင့်ရှမ်းပြည်နယ် အစိုးရအဖွဲ့စီမံကိန်း နှင့်စီးပွားရေးဝန်ကြီး ဦးစိုးညွှန့်လွင်မှ ပြန်လည်ရှင်းလင်း ဆွေးနွေးပြီး လွှတ်တော်ဥက္ကဋ္ဌ မှ ပြည်နယ် လွှတ်တော်၏ ဆန္ဒသဘောထား ရယူကာ အတည်ပြုခဲ့ပါသည်။

## ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ



သီပေါမြို့နယ် မဲဆန္ဒနယ်(၁)မှ ပြည်နယ်လွှတ်တော်
ကိုယ်စားလှယ်ဒေါ်နန်းစမ်းစမ်းအေးမှ
အဆိုတင်သွင်းနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဥ္စမပုံမှန်အစည်းအဝေးပထမနေ့(၂၀. ၃. ၂၀၁၇)တွင်သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်မှ ဒေါ်နန်းစမ်းစမ်းအေးမှ“ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ်၊၁၀) အား ပြန်လည် သုံးသပ်ခြင်းနှင့် နည်းဥပဒေများ ရေးဆွဲပြဌာန်းနိုင်ရန် တိုက်တွန်း ခြင်း” အဆိုအားတင်သွင်းရာရပ်စောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် မှ ထောက်ခံခဲ့ပါသည်။ ဆွေးနွေးမည့်သူအမည်စာရင်း တင်သွင်းရန် ကြေညာပါသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဥ္စမပုံမှန်အစည်းအဝေးပထမနေ့(၂၀. ၃. ၂၀၁၇)ရက်နေ့တွင် သီပေါ



ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် မှ
အဆိုအားထောက်ခံနေစဉ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## ပဥ္စမပုံမှန်အစည်းအဝေး
## ဒုတိယနေ့(၂၁.၃.၂၀၁၇)



ကလောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)
ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်
အဆိုအားဆွေးနွေးနေစဉ်



ရှမ်းပြည်နယ်အစိုးရအဖွဲ့စည်ပင်သာယာရေးဝန်ကြီး
ဦးစိုင်းစွဲဆိုင်းမှ အဆိုအား ရှင်းလင်းဆွေးနွေးနေစဉ်

မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းစမ်းစမ်းအေး မှ တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော်ပဥ္စမပုံမှန် အစည်းအဝေးဒုတိယနေ့ (၂၁. ၃. ၂၀၁၇) ရက်နေ့တွင် ကလောမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ် စားလှယ် ဦးသန်းထိုက် နှင့် ရပ်စောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ညီညီကျော် တို့မှ ဆွေးနွေး ခဲ့ကြရာရှမ်းပြည်နယ်အစိုးရအဖွဲ့ စည်ပင် သာယာရေး ဝန်ကြီးဦးစိုင်းစွဲဆိုင်း မှ ပြန်လည်ရှင်းလင်းပြီး အဆိုအားလွှတ်တော်မှ အတည်ပြုခဲ့ပါသည်။

## ဘဏ္ဍာငွေအရအသုံးဆိုင်ရာနည်းဥပဒေ

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေးပထမနေ့(၂၀. ၃. ၂၀၁၇)ရက်နေ့တွင် သီပေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးမှ “ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေများ ဖြစ်သော ဘဏ္ဍာငွေအရအသုံးဆိုင်ရာ လျာထားချက်များ တင်သွင်းခြင်းနှင့် နည်းဥပဒေတွင် အချိန်အကန့်အသတ်နှင့် သက်ဆိုင်ရာကော်မတီ ၏ လုပ်ပိုင်ခွင့်များကို ပြန်လည် သတ်မှတ်ပေးရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဖြည့်စွက်ပေးရန် တိုက်တွန်းခြင်း” အဆိုအားတင်သွင်းရာ နမ့်တူမြို့နယ်



နမ့်တူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင် မှ အဆိုအားထောက်ခံနေစဉ်



မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းအောင်ခမ်း မှ အဆိုအားဆွေးနွေးနေစဉ်



သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ အဆိုအားဆွေးနွေးနေစဉ်

မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင် မှ ထောက်ခံခဲ့ပါသည်။

သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးမှ တင်သွင်းသောအဆိုအား ဒုတိယနေ့ (၂၁. ၃. ၂၀၁၇) ရက်နေ့တွင်မိုင်းပန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း ၊သိန္နီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီ နှင့် တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်တို့မှ ဆွေးနွေး ခဲ့ကြရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ မှ ပြန်လည် ရှင်းလင်းဆွေးနွေးပြီး အဆိုအား လွှတ်တော် မှ မှတ်တမ်းတင်ခဲ့ပါသည်။



တာချီလိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်တင့် မှ အဆိုအားဆွေးနွေးနေစဉ်

## ရှမ်းပြည်နယ်ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကြမ်း



ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း (ဥပဒေပြုရေးဆိုင်ရာကော်မတီအတွင်းရေးမှူး) မှ အစီရင်ခံဖတ်ကြားရှင်းလင်း

အစည်းအဝေးဒုတိယနေ့(၂၁. ၃. ၂၀၁၇)ရက်နေ့တွင် ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကြမ်း နှင့် စပ်လျဉ်း၍အစီရင်ခံစာအား လွှတ်တော်သို့ ဥပဒေပြုရေးဆိုင်ရာကော်မတီအတွင်းရေးမှူး ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်းမှ ဖတ်ကြား ရှင်းလင်းခဲ့ပြီး သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင်မှ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ရှမ်းပြည်နယ် ယစ်မျိုးခွန်ကောက်ခံရေးဥပဒေကြမ်း အားလွှတ်တော် မှ အတည်ပြုခဲ့ပါသည်။



ရှမ်းပြည်နယ်အစိုးရအဖွဲ့လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးအောင် မှ ဥပဒေကြမ်းအား ရှင်းလင်းဆွေးနွေးနေစဉ်

## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မေးခွန်းများမေးမြန်းမှုနှင့် ဖြေကြားမှုအခြေအနေ

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေးကို(၂၀. ၃. ၂၀၁၇)ရက်နေ့မှ (၂၃. ၃. ၂၀၁၇) ရက်နေ့အထိ စုစုပေါင်း(၄)ရက် ကျင်းပရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ နေ့ရက်အလိုက်ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမှုနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များမှ ပြန်လည်ရှင်းလင်းဖြေကြားမှု အခြေအနေမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရက်စွဲ | မေးခွန်း မေးမြန်းမှု | ဖြေကြားမှု |
|---|---|---|---|
| ၁ | ၂၀. ၃. ၂၀၁၇ | ၁၀ | ၁၀ |
| ၂ | ၂၁. ၃. ၂၀၁၇ | ၁၂ | ၁၂ |
| ၃ | ၂၂. ၃. ၂၀၁၇ | ၁၀ | ၁၀ |
| ၄ | ၂၃. ၃. ၂၀၁၇ | ၁၃ | ၁၃ |
| စုစုပေါင်း | | ၄၅ | ၄၅ |



ရှမ်းပြည်နယ်အစိုးရအဖွဲ့လူမှုရေးဝန်ကြီးမှ ကြယ်ပွင့်ပြမေးခွန်းအားဖြေကြားစဉ်

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ
ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်

## ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၏ လွှတ်တော်ဆိုင်ရာဆောင်ရွက်ချက်များ




လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်မှ အီတလီသံအမတ်ကြီး H.E.Mr Pier Giorgio LIBERTIနှင့်တွေ့ဆုံစဉ်




လွှတ်တော်ဥက္ကဋ္ဌဦးစိုင်းလုံးဆိုင်မှရှမ်း/တောင်မြို့နယ် ပေါင်းစုံဓမ္မစကူးလ်များအလှူတော်ငွေပေးအပ်ပွဲတွင် အလှူငွေလှူဒါန်းနေစဉ်

## ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးစဝ်အောင်မြတ်မှဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသတ္တမအကြိမ်မြောက် ဓနုဆုံဆည်းရာနေ့အခမ်းအနား တက်ရောက်




ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌသီရိပျံ့ချီ ဦးစဝ်အောင်မြတ်သည်(၁၁. ၃. ၂၀၁၇)ရက်နေ့တွင် ပင်းတယမြို့နယ် ၊ ဒေသခန်းမ တွင် ကျင်းပပြုလုပ်သော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ သတ္တမအကြိမ်မြောက် ဓနုဆုံဆည်းရာနေ့ အခမ်းအနားသို့ တက်ရောက်ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဓနုပညာရေးဖောင်ဒေးရှင်း သို့လည်း ငွေကျပ်(၁၀)သိန်း တိတိပေးအပ်လှူဒါန်းခဲ့ပါသည်။

**ဒီမိုကရေစီ ဖော်ဆောင်ရေး**
**လူငယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး**

## ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးစဝ်အောင်မြတ် မှကျောက်တစ်လုံးကြီးမြို့ရှိရွှေဟောင်း သမိုင်းဝင် မွေတော်ကက္ကူဘုရားထီးတင်ပွဲ အခမ်းအနားတက်ရောက်



## လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးစဝ်အောင်မြတ်မှဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ရွာငံမြို့နယ် တွင်အသက်(၈၅)နှစ် နှင့်အထက်သက်ကြီးဘိုးဘွားများအား(တတိယ) အကြိမ်မြောက်ပူဇော်ကန်တော့ပွဲအခမ်းအနားတက်ရောက်



# ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်များ နှင့်လွှတ်တော်ရုံးဝန်ထမ်းများ (၂၄.၃.၂၀၁၇)ရက်နေ့မှ (၂၇.၃.၂၀၁၇)ရက်နေ့ထိ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ နှင့်ဒေသန္တရဗဟုသုတလေ့လာရေးခရီးစဉ်



ခရီးထွက်ခွာမည့်ကိုယ်စားလှယ်များအား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်မှပို့ဆောင်နှုတ်ဆက်စဉ်



ကျောက်တော်ကြီးရွှေဂူနီဘုရားတွင်ဒုဥက္ကဋ္ဌမှအလှူငွေပေးအပ် လှူဒါန်းပြီးဘုရားဂေါပကအဖွဲ့မှအမှတ်တရ ဘုရားပုံတော်ပေးအပ်စဉ်





ဆားလင်းကြီးမြို့နယ်ရှိ မြန်မာ-ဝမ်ပေါင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင်လေ့လာစဉ်



စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၌ ကြိုဆိုဧည့်ခံခြင်း အခမ်းအနားတွင် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်မှမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်



စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမတွင် လွှတ်တော်ကိုယ်စားလှယ်များမှ အမှတ်တရဓာတ်ပုံရိုက်ကူးစဉ်



မန္တလေးမြို့ကျောက်စိမ်းဘုရားတွင်အလှူငွေပေးအပ်
လှူဒါန်းပြီးဘုရားဂေါပကအဖွဲ့မှအမှတ်တရ
ဘုရားပုံတော်ပေးအပ်စဉ်



နောင်ချိုမြို့၊ ဂုတ်ထိပ်တံတားတွင်
အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြစဉ်



မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး
အစည်းအဝေးခန်းမရှေ့တွင်
အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးစဉ်



မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး
အစည်းအဝေးခန်းမတွင် လေ့လာကြည့်ရှုစဉ်

## မြန်မာနှစ်သစ်ကူးအခါသမယ နှစ်ဆန်း(၁)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး၌ အန္တရာယ်ကင်းပရိတ်တရားတော်နာကြားခြင်း





## ဒုတိယအကြိမ်ရောဝတီတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌဦးအောင်ကျော်ခိုင် နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ ရှမ်းပြည်နယ်လွှတ်တော်သို့လာရောက်လေ့လာခြင်း





ဒုတိယအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် နှင့်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ မှ ရှမ်းပြည်နယ်လွှတ်တော်သို့ လာရောက်လေ့လာနေစဉ်

ဒုတိယအကြိမ်ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင် မှ ရှမ်းပြည်နယ်လွှတ်တော် ဧည့်သည်တော်ရောက်ရှိမှုမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးနေစဉ်

## ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းများ





မနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း သည် (၉. ၄. ၂၀၁၇) ရက်နေ့တွင် ပင်းတယမြို့နယ် ၊ ကျားကုန်း ကျေးရွာအုပ်စု ၊ ဘုရားဖြူကျေးရွာရှိ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ သင်တန်းဆင်းပွဲသို့ သွားရောက်၍ အသင်းအတွက် ဒေသဦးစီးအဖွဲ့မှ ဒုတိယအကြိမ် အလှူငွေကျပ် ၅ သိန်း ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

သိန္နီမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁) မှ ဒေါ်နန်းခင်ထားရီ သည် (၁. ၅. ၂၀၁၇ )ရက်နေ့တွင်သိန္နီမြို့နယ်၊ ကောင်းအိုင် ကျေးရွာ သို့ ကျေးလက်ကျန်းမာရေးဆေးပေးခန်း အသစ်ရရှိနိုင်ရေး အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်ဆရာဝန် ၊ မြေစာရင်း ဦးစီးမှူး တို့နှင့် ပူးပေါင်း၍ ကွင်းဆင်းကြည့်ရှုခဲ့သည်။

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းများ



မိုင်းပန်မြို့နယ် ၊ မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်း သည် (၂၉. ၅. ၂၀၁၇)ရက် တွင် မိုင်းပန်မြို့တွင် ကျင်းပပြုလုပ်သော ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနား သို့တက်ရောက်၍ ဗလာစာအုပ်ဒါဇင်(၁၀၀) အားလှူဒါန်းခဲ့ပါသည်။



နမ့်စန်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းအောင်ဆွေသည် ၉. ၅. ၂၀၁၆ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်အတွင်းရှိ မိတ္ထီလာ-တောင်ကြီး- နမ့်စန်-ခိုလမ်-ကုန်းပေါင်း လမ်းအပိုင်းကို ၇ မီတာအကျယ်ချဲ့ခြင်း အားယခု၂၀၁၇-၂၀၁၈ ပြည်ထောင်စုနှင့်ပြည်နယ်ဘတ်ဂျက်ဖြင့်ဆောင်ရွက်မည့်နေရာများ၊ ခိုလမ်-ကျိုင်းတောင်းလမ်းနှင့် ခိုလမ်-ဝမ်ဆင်းလမ်း၁၈ပေ တိုးချဲ့ဆောက်လုပ်မည့်နေရာများကို လမ်းအထူးအဖွဲ့၅မှ ဒုညွှန်မှူး DSEနှင့်အဖွဲ့ဝင်များ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၊ ခိုလမ်မြို့အုပ်ချုပ်ရေးမှူး၊ ခိုလမ်လမ်းဦးစီး၊ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများဖြင့်ပူးပေါင်းကွင်းဆင်း ကြည့်ရှု ဆောင်ရွက် ခဲ့ပါသည်။



မိုင်းဖြတ်မြို့နယ် ၊ မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျောက်မှ (၂၄. ၄. ၂၀၁၇) ရက်နေ့တွင် ကျင်းပပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင်စုပညာရေးဌာန ခရိုင်အဆင့် မြို့နယ် အခြေပြု မူလတန်းဆရာအတက်သင်ပညာသင်တန်းဖွင့်ပွဲ အခမ်းအနား တက်ရောက်၍အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။



၉. ၄. ၂၀၁၇ ရက်နေ့တွင် မီးဘေးသင့်ခဲ့သော ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၊ နမ့်ဆန်မြို့နယ်အထက်မန်လွယ်ကျေးရွာအိမ်ထောင်စုများအား (၁၁. ၅. ၂၀၁၇) ရက်နေ့ တွင် နမ့်ဆန်မြို့နယ် ၊ မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်း မှ အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ငွေ များ ပေးအပ်ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှု သတင်းမှတ်တမ်းများ



ကွမ်းလုံမြို့နယ် ၊ မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းသည် (၃၀. ၄. ၂၀၁၇) ရက်နေ့တွင် ကွမ်းလုံမြို့နယ်၊ထုံကျက်ကျေးရွာအုပ်စု၊ တာပန်ခြောက်ကျေးရွာ ၊ အမှတ်(၁၇) အခြေခံမူလတန်းကျောင်း(ခွဲ)တွင် မိဘပြည်သူများနှင့်တွေ့ဆုံပြီး ကျောင်းသားများအားဗလာစာအုပ်နှင့် စာရေးကိရိယာများပေးအပ်လှူဒါန်းခဲ့ပါသည်။



ရွာငံမြို့နယ် ၊ မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးသည် (၂. ၅. ၂၀၁၇) ရက်နေ့တွင် ရွာငံမြို့ပေါ်ရပ်ကွက်များ ရေရရှိရေးနှင့် ရေမီတာဖြင့် သွယ်ယူနိုင်ရေးအတွက် ရပ်ကွက်နေပြည်သူများနှင့်တွေ့ဆုံကာလိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်။



မိုင်းခတ်မြို့နယ် ၊ မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအားမဲသည် (၂၈. ၅. ၂၀၁၇) ရက်နေ့တွင် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ၊ ပြည်ထောင်စုရံပုံငွေဖြင့် ကြိုတင်ဆောင်ရွက်သော မိုင်းကာအရှေ့အုပ်စု၊ ဝမ်မနေရွာအဝင်ကွန်ကရစ်တံတားတည်ဆောက်နေမှု အားသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။




မိုင်းယန်းမြို့နယ် ၊ မဲဆန္ဒနယ်အမှတ် (၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းလှိုင်ခမ်းသည်(၂၆. ၅. ၂၀၁၇) ရက်တွင် မိုင်းယန်းမြို့ ၊ အ. ထ. က ကျောင်း(မိုင်းယန်းမြို့)တွင် ကျင်းပပြုလုပ်သော ပထမတန်းသင်ရိုးသစ်သင်တန်းဆင်းပွဲ အခမ်းအနား သို့တက်ရောက်ခဲ့ပါသည်။

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းများ



မူဆယ်မြို့နယ်၊မဲဆန္ဒနယ်အမှတ်(၁)မှပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း သည် (၂၃. ၅. ၂၀၁၇) ရက်တွင် မူဆယ်မြို့နယ်၊ ပန်ခမ်းကျေးရွာအုပ်စု ၊ နောက်မိုကျေးရွာတွင်းရှိ စက္ကူစက်ရုံမှရေဆိုးစွန့်ထုတ်မှုကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေး ရွှေလီမြစ်၏ ရေသဘာဝသယံဇာတ မပျက်ဆီးစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ နှင့် အတူ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။




(၅. ၅. ၂၀၁၇)ရက်နေ့တွင်ကျင်းပသော ပင်းတယမြို့ ပုန်းတလုတ်ရေကန်ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဇော်ဂျီမြစ်ရေသွယ်ယူခြင်းအောင်ပွဲမင်္ဂလာ သို့ ရှမ်းပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ၊ အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ၊ ရှမ်းပြည်နယ် ပင်းတယ မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ) ဦးညီလေးချမ်း နှင့် မြို့နယ်ဆရာဝန်ကြီးဒေါက်တာသန်းမင်းထွဋ် တို့မှ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပါသည်။

## ရှမ်းပြည်နယ်လွှတ်တော်တိုင်ကြားစာများစိစစ်ရေး ကော်မတီ၏ကွင်းဆင်းဆောင်ရွက်ချက်များ





(၂. ၅. ၂၀၁၇) ရှမ်းပြည်နယ်လွှတ်တော်တိုင်ကြားစာများစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဦးစိုင်းမျိုးမြင့်နှင့်အဖွဲ့သည် ကလောမြို့နယ် ပြည်သူများမှ တိုင်ကြားစာများကို ကလောမြို့နယ် ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမ တွင် တိုင်ကြားစာများနှင့်ပတ်သက်သူများ၊ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ပါသည်။

## ရှမ်းပြည်နယ်လွှတ်တော်၏ မျှော်မှန်းချက်( Vision )

ရှမ်းပြည်နယ်သူ/သားတို့၏တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တန်းတူညီမျှရေး၊ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ပွင့်လင်းမြင်သာစွာဖြင့် ဖော်ဆောင်ပေးနိုင်မည့် လွှတ်တော်တစ်ရပ် ဖြစ်လာစေရန် ဖြစ်ပါသည်။

× × × × × × × × ×

## ရှမ်းပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ရန် တာဝန်( Mission )

ပြည်သူလူထု၏ လတ်တလောနှင့် ရေရှည်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေများ ရေးဆွဲခြင်းနှင့် ပြဋ္ဌာန်းပြီးသော ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ရေးဆွဲပြဋ္ဌာန်းပြီးသော ဥပဒေများသည် ပြည်နယ်သူ/ပြည်နယ်သားများအတွက် အမှန်တကယ်အကျိုးစီးပွား ဖြစ်ထွန်းစေခြင်းရှိ/မရှိ၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသော အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများအား ထိန်းညှိခြင်းနှင့် ပြည်သူ၏ဆန္ဒလိုအပ်ချက်များကို အမြန်ဆုံး အကောင်အထည်ဖော်ရေးအတွက် ပြည်သူများနှင့် အပြန်အလှန်ပိုမိုထိတွေ့ရင်းနှီးမှုများ ရရှိလာအောင် ဆောင်ရွက်ရမည်ဖြစ်သည်။

## ရှမ်းပြည်နယ်လွှတ်တော်၏လူမှုရေးအသင်း အဖွဲ့နှင့် ဘာသာရေးဆိုင်ရာများသို့ ပရဟိတဆောင်ရွက်မှု



လ/ထ-ညွှန်ကြားရေးမှူးစိုးစိုးသက်နှင့်ရုံးအဖွဲ့မှ **YGW**လူငယ်ပရဟိတအသင်းသို့ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စား လိုအပ်သော လောင်စာထင်းလှူဒါန်းခြင်း


လ/ထ-ညွှန်ကြားရေးမှူးဒေါ်မိမိအောင်နှင့်ရုံးအဖွဲ့မှ အေးသာယာမြို့ရွှေတောင်တန်းပရဟိတမိဘမဲ့ဂေဟာသို့သတင်းစာနှင့် ဂျာနယ်များကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှူဒါန်းခြင်း

### ရှမ်းပြည်နယ်လွှတ်တော်၏ဦးတည်ချက်(Objectives)

(၁) ဥပဒေပြုခြင်း
(၂) ကိုယ်စားပြုခြင်း
(၃) ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း
(၄) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ အရည်အသွေး မြင့်မားစေရေး ဆောင်ရွက်ခြင်း

People's Voice, Hluttaw's Voice
People's Will, Hluttaw's Will
People's Expectation, Hluttaw's Implementation


တောင်ကြီးမြို့ ၊ သူငယ်တော်ယေဇူးမိဘမဲ့နှင့်မသန်စွမ်းဂေဟာသို့ သတင်းစာနှင့်ဂျာနယ်များကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှူဒါန်းခြင်း

ထုတ်ဝေသူ- ဒေါ်မိမိအောင်(ပ/၃၅၅၁) ၊ လက်ထောက်ညွှန်ကြားရေးမှူး ၊ ဌာနခွဲ(၆) ၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး ၊ ထုတ်ဝေသည့်စောင်ရေ(၃၀၀)